# လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လမ်း** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလိုင်္ဂာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော လမ်းနှင့် ယင်းလမ်း၏နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏နယ်နိမိတ်ကို ဆိုသည်၊

(ခ) **တံတား** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလိုင်္ဂာ လုပ်ထုံးလုပ်နည်းဖြင့်သတ်မှတ်သော တံတားကို ဆိုသည်၊

(ဂ) **ယာဉ်** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလိုင်္ဂာ လုပ်ထုံးလုပ်နည်းဖြင့်သတ်မှတ်သော ယာဉ်အမျိုးအစားကို ဆိုသည်၊

(ဃ) **အသုံးပြုသူ** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလိုင်္ဂာ သတ်မှတ်သော လမ်းနှင့်တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကို ဆိုသည်၊

(င) **အသုံးပြုခြင်း** ဆိုသည်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကိုဆိုသည်၊

(စ) **အသုံးပြုခ** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက်ပေးဆောင်ရသည့်အခကြေးငွေကိုဆိုသည်၊

(ဆ) **ကြီးကြပ်သူ** ဆိုသည်မှာ အသုံးပြုခကောက်ခံရေးကို ကြီးကြပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် ယင်းက ထပ်ဆင့်တာဝန်ပေးအပ်ခြင်းခံရသူ သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်၊

(ဇ) **ကောက်ခံသူ** ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း (၂)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လုပ်ထုံးလုပ်နည်းဖြင့်—

(က) အသုံးပြုခ ကောက်ခံရမည့်လမ်းနှင့် တံတားကို သတ်မှတ်နိုင်သည်၊

(ခ) အသုံးပြုခ ကောက်ခံရန် နှုန်းထား သတ်မှတ်နိုင်သည်၊

(ဂ) အသုံးပြုခ ကောက်ခံရမည့် ယာဉ်အမျိုးအစားကို သတ်မှတ်နိုင်သည်၊

(ဃ) အသုံးပြုခ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၄။ ကြီးကြပ်သူသည်—

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံရရှိရေးအတွက် တာဝန်ယူကြီးကြပ်ရမည်၊

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၅။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

## အခန်း (၃)

### တားမြစ်ချက်

၆။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှ အပ မည်သူမျှ ကောက်ခံခြင်း မပြုရ။

၇။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခ နှုန်းထားထက် ပိုမိုကောက်ခံခြင်း မပြုရ။

## အခန်း (၄)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈။ အသုံးပြုခကို ယာဉ်မောင်းသို့မဟုတ် အသုံးပြုသူက ပေးဆောင်ရန် ပျက်ကွက်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၉။ မည်သူမဆို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် ခြောက်လ သို့မဟုတ် ငွေဒဏ် ကျပ် ငါးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

၁၀။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးလ သို့မဟုတ် ငွေဒဏ် ကျပ်သုံးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် တစ်လကျခံစေရမည်။

# အခန်း (၅)

## အထွေထွေ

၁၂။ အသုံးပြုခ နှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အများပြည်သူ သိရှိနိုင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၁၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံး လုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

၁၄။ The Tolls Act, 185 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။